# Highlights from DVB Debate's Fighting Floods Show

## August 20, 2016

## "How to fight the flood?"

"ကျနော်တို့ မိုးဇလဌာနအနေနဲ့က အစောပိုင်းကြိုတင်သတိပေးတယ်၊ ပညာပေးတယ်။ လိုက်နာလုပ်ဆောင်မှုအပိုင်းတွေကျတော့ တဦးချင်း လိုက်နာကြဖို့လည်း လိုပါတယ်"

ဦးလှထွန်း - ဒုတိယညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

---

"အခုဖြစ်နေတာ လူတွေက ကံကိုယုံနေကြတယ်။ လယ်တွေ စပါးတွေ စိုက်တယ်၊ ကံမကောင်းရင်တော့ ငါတို့ ရေကြီးတာကြုံရမယ် ဆိုပြီး ကံကို ပုံချပြီး နေနေတယ်။ အခုက အဲလိုမရတော့ဘူး နောင်နှစ်တွေ ရေကြီးရင် ဘာလုပ်ရမလဲဆိုတာ ကျနော်တို့ ကြိုတင်ကာကွယ်ဖို့ကိုလိုနေပြီ"

ဦးမျိုးညွန့် - ဧရာဝတီတိုင်းဒေသကြီး(ရေကြည်) လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်မဲဆန္ဒနယ်(၁)

---

"Environment ပျက်တာက ချက်ချင်း ကုလို့မရဘူး။ သဘာဝပတ်ဝန်းကျင်က တဖြည်းဖြည်းချင်း ပျက်လာနေတာ၊ မြစ်တွေကို ထိန်းရတယ် အရင် ၁၉၆၂ သစ်တောဥပဒေမှာ မြစ်ကြောင်းတွေကို ထိန်းသိမ်းဖို့ ဆိုတာ ပါတယ်။ အခုဖြစ်နေတာတွေက မြစ်လက်တက်တွေက ဖြစ်နေတာ၊ တကယ်တမ်း ဧရာဝတီပျက်နေတာက ရွှေတူးတာကြောင့်ဗျ"

ဦးစောထွန်းခိုင် - အလုပ်အမှုဆောင် ဒါရိုက်တာ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့

---

"အခုလက်ရှိ ကယ်ဆယ်ရေးလုပ်နေတာတွေမှာ ထောက်ပံ့ရေးပိုင်းမှာ ၉၀ ရာခိုင်နှုန်းလောက် ကာဗာဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ရေမြုပ်စပါးတွေအတွက် မျိုးစပါးတွေပြန်ပေးဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးတွေနဲ့လည်း ချိတ်ဆက်လုပ်နေပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ဖို့က ပျက်စီးမှုဆုံးရှုံးမှု ဒေတာတွေရဖို့လည်း အရေးကြီးပါတယ်။ "

ဦးဝင်းရွှေ - ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

---

"ဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ရောက်ဖို့ ခက်ခဲတဲ့ ဒေသက လူတွေအတွက် ဘယ်လိုရောက်အောင် ကြိုတင်အသိပေးကြမလဲ ဆိုတာ မေးချင်ပါတယ်"

ကိုထွန်းလင်း - ကံ့ကော်ပညာရေးစင်တာ

"ဒေသဆိုင်ရာ ရေဒီယိုတွေကနေ ထုတ်လွှင့်တာတွေလုပ်နေပါတယ် တချို့ဒေသတွေဆီ သတင်းအချက်အလက်တွေ အကုန်မရောက်သေးဘူးဆိုတာလည်း ဂန်ခံပါတယ်"

ဦးလှထွန်း - ဒုတိယညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

---

"မနှစ်ကရေကြီးတော့ စိုက်ပျိုးဖို့အတွက် ချေးငွေကို ဒီနှစ်ထဲဆပ်ရတယ် နောင်နှစ်လည်း ရေထပ်ကြီးရင် ချေးငွေထပ်ချေးပြီး စိုက်ရမယ် နောက် ပြန်ဆပ်ရဦးမယ် ပြန်လည်ထူထောင်ရေးတွေ လုပ်မယ်ဆိုရင် ထမင်း၊ ဆီ၊ ဆားတွေပေးရုံမဟုတ်ဘဲ ဒီစိုက်ပျိုးရေးကိစ္စတွေ အရင် စဉ်းစားရမယ်"

ဦးမျိုးညွန့် - ဧရာဝတီတိုင်းဒေသကြီး(ရေကြည်) လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်မဲဆန္ဒနယ်(၁)

---

"ကျနော်တို့ လှူတဲ့ အဖွဲ့တွေ ရွာတွေကို သွားလှူတဲ့အခါ အလှူရှင်အဖွဲ့တွေ တနေရာထဲထပ်နေတာတွေရှိတယ်။ ဒါမျိုးတွေမဖြစ်အောင်၊ လိုအပ်နေတဲ့သူတွေဆီ ရောက်အောင် အွန်လိုင်းဒေတာစုဆောင်းထားတာမျိုး သက်ဆိုင်ရာ ဗဟိုအစိုးရကဖြစ်ဖြစ်၊ ဘယ်သူ့ဆီကို ချဉ်းကပ်ပြီး ဆက်သွယ်ဆောင်ရွက်ရမလဲဆိုတာ သိချင်ပါတယ်"

ကိုတေဇဂင်း - Online Donation ပရဟိတအဖွဲ့

"ကျနော်တို့ ဂန်ကြီးဌာနအနေနဲ့ အဲဒါနဲ့ပတ်သက်လို့ Kobo Collect ဖုန်း အက်ပလီကေးရှင်းထဲမှာ လိုအပ်တဲ့အချက်အလက်တွေ လူထုက ကျနော်တို့ကို ပို့ပေးထားတဲ့ ဒေတာအချက်အလက်တွေ ရနိုင်ပါတယ်။ အဲဒီ အက်ပလီကေးရှင်းကို ဒေသခံတွေရော၊ အရပ်ဖက်အဖွဲ့တွေ၊ အလှူရှင်တွေက ရထားတဲ့ အချက်အလက်တွေ ပေးပို့ ရယူလို့ရပါတယ်"

ဦးဂင်းရွှေ - ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

---